# ကုန်းသာကျေးရွာ
# ဘုတလင်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၉- ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ကုန်းသာကျေးရွာ၊ ဘုတလင်မြို့နယ်
(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
က ကူညီ ရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

## မာတိကာ


| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၂-၄ |
| စကားချီး | ၅-၆ |
| ကုန်းသာကျေးရွာသယံဇာတပြဓေပုံ၊ ဘုတလင်မြို့နယ် | ၇ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၈-၉ |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၉-၁၀ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၀-၁၁ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေး နှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၁-၁၄ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၄-၁၅ |

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅-၁၆

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၆-၁၇

(၈) ဦးစားပေးစီမံချက်များနှင့်ဉ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇-၂၁
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၂-၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၃-၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆-၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
(ဃ) ကိုးကားစာရင်း

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့် အများဆုံးလုပ်ခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု(၂) ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေရင်းမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု

ဇယား ၃၈ အိမ်သာအမျိုးအစာ
ဇယား ၃၉ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၉ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် ၆၆
ဇယား ၅၀ ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့ဝင်စာရင်း ၆၇-၆၈
ကိုးကားစာရင်း ၆၉

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ပြည်နှစ်အတွင်း ကျွန်ုပ်တို့ ကုန်းသာကျေးရွာအုပ်စု၊ ကုန်းသာကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာမှ လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ

ထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ဇန်နဝါရီ ၂၀၁၈။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့


ကုန်းသာကျေးရွာ

ကုန်းသာကျေးရွာအုပ်စု

ဘုတလင်မြို့နယ်

**ကျေးရွာနှင့် သယ်ဇာတပြမြေပုံ**

ကုန်းသာကျေးရွာ၊ ကုန်းသာကျေးရွာအုပ်စု၊ ဘုတလင်မြို့နယ်



**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်**

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်း ကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကုန်းသာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၏ အရှေ့တောင်ဘက်ဖ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကုန်းသာကျေးရွာသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် လုပ်ကိုင်စားသောက်ကြပါသည်။ လမ်းပမ်း ဆက်သွယ် ရေးတွင် ကုန်းလမ်းကိုသာ အသုံးပြုရပါသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန် ၄၀ လက်မနှင့် ၆၀ လက်မကြား ရွာသွန်းလေ့ရှိပါဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် အသင့်အတင့်အခြေအနေဖြစ်ပါသည်။

**(ခ) သဘာဝအရင်းအမြစ်**

လယ်မြေ ရှိကြပြီး မြေဆီမြေဩဇာအသင့်အတင့်ကောင်းပါသည်။ စပါးနှင့် ယာသီးနှံအဖြစ် မြေပဲ၊ နေကြာ၊ ပဲမျိုးစုံနှင့် နှမ်းတို့ကို စိုက်ပျိုးပါသည်။

**၃။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေဆိုင်ရာအချက်အလက်များ**

ရဲထွက်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၅၆)စု နှင့် ကျား(၃၃၃)၊ မ(၃၈၄)ဦးဖြင့် လူဦးရေ ပေါင်း(၇၁၇)ဦး ရှိပါသည်။တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၅)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗုဒ္ဓဘာသာဝင် ဗမာလူမျိုးများနေထိုင်ကြသည်။ ကျေးရွာတွင် စုစုပေါင်းလူဦးရေ၏(၈၀%)သည် အလုပ်လုပ် နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူ နှင့်သက်ကြီးရွယ်အိုလူဦးရေသည် (၂၀%) ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ်ခန့်ပိုများသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ကျေးရွာသား များ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲ ချမ်းသာအဆင့် သတ်မှတ်မှု တွင် အိမ်ထောင်စုအားလုံး၏ (၂၃%)သည် ချမ်းသာသည့်အဆင့် (၂၆%)သည် သည် အလယ် အလတ်အဆင့် ၃၇% သည် ဆင်းရဲသည့်အဆင့် ၁၂ %သည် အလွန်ဆင်းရဲသောအဆင့် ရှိကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ရဲထွက်ကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့်မှာ “၁” ၂၃% နှင့် အဆင့် (၂) ၂၆%အိမ်ထောင်စုများအနက်မှ စီအဖြစ်ကောက်ယူထားသော အိမ်ထောင်စုများတွင် ဝမ်းစာဖူလုံမှုရှိကြောင်းနှင့် အကြွေးတင်ရှိမှု မရှိကြောင်း သိရှိရပါသည်။ ကျန်အဆင့် (၃) (၃၇%) နှင့် အဆင့်“၄” အိမ်ထောင်စုများ၏ (၁၂%) ကို ဝမ်းစာဖူလုံမှု မရှိကြောင်းတွေ့ရှိရပါသည်။ ၎င်းအိမ်ထောင်စုများသည် မိတ်ဆွေနှင့် ဆွေမျိုးများထံမှ ငွေကြေးချေးငှားကာ ပြဿနာကို ဖြေရှင်းရကြောင်းနှင့် တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ကြခြင်း၊ လျှော်ဖြူခြံနှင့် အခြား နေ့စားလုပ်ငန်းများလုပ်ကိုင်ခြင်းဖြင့် စားဝတ်နေရေးကို ဖြေရှင်းကြရကြောင်း သိရှိရပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကုန်းသာကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန် ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါ– ဆီးချိုရောဂါများ အဖြစ် များ ပါသည်။ ကလေးငယ်အများစုမှာ ဝမ်းပျက် ဝမ်းလျောရောဂါများ ရံဖန်ရံခါ ဖြစ်လေ့ရှိပါသည်။ လူငယ်

လူရွယ်နှင့် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာများ အားနည်းကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးလက်ကျန်းမားရေးဌာနခွဲ၊ ဘုတလင်ပြည်သူ့ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။ ကျေးရွာရှိ အဝီစိ စက်ရေတွင်းမှ သန့်ရှင်းသော သောက်သုံးရေရရှိပါသည်။

**(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိပါသည်။ အလယ်တန်း အဆင့်ထိသာ အများစု သင်ယူတတ်မြောက်၍ အနဲစုမှာ အထက်တန်းပညာရေးအတွက် ဘုတလင်မြို့အထက်တန်း ကျောင်းသို့ တက်ရောက် သင်ကြားရပါသည်။

နည်းပညာအထော်အပံ့ပေးမည့် အဖွဲ့အစည်းများ တက္ကသိုလ်များ အနေဖြင့် ကျွန်တော်တို့ ကျေးရွာလူထု၏ တိကျသော လိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာ၏ လိုအပ်ချက်နှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

မိဒီယာများ- ပြန်ကြားဆက်သွယ်ရေး ပြည်သူ့အရေးရပ်တည်မှုပေးနိုင်သည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရသည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာငွေကြေးရန်ပုံငွေဆိုင်ရာ အဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများ အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလုပ်လာနိုင်ပါသည်။

**(စ) ကျား-မရေးရာ**

ရဲထွက်ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်ပွင့်လင်းမှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံ ခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေအတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့်ပညာရေးနှင့် အခြား နယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည် ပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်း လျက် ရှိသည်။ ကျား – မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာ ပေးခြင်းများ မြင့်တင်ဆောင်ရွက် ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု**

ယခင်ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတခုအတွင်း ကျွန်တော်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေးအစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲ ထားပါသည်။

ကျေးရွာလူထုဦးဆောင် ပါဝင်လုပ်ကိုင်ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရှိပြီး အမြင်ရှင်းလင်းမှုရရှိစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် ကျေးရွာလူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်ခြင်းကို ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးရေးမှုကို တိတိကျကျပံ့ပိုးရေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ ငွေကြေးအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အမြန်ဆုံးနှင့် အထိရောက်ဆုံး ဖြေရှင်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းအားနှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

**ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့အစည်းများ ထားရှိပါသည်။ ထိုအဖွဲ့တွင် ကျားမတန်းတူပါဝင်၍ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့ အရံမီးသတ်တပ်ဖွဲ့ လူမှုကူညီရေးအသင်း ကျောင်းကော်မတီ –လျှပ်စစ်ကော်မတီနှင့် ဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်လုပ်ဆောင်မှု အသင့်အတင့်ရှိပါသည်။**

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါး၊ မြေပဲ၊နှမ်း၊ ပဲစဉ်းငုံ တို့ကိုအဓိကထား စိုက်ပျိုးကြပါသည်။ စပါး (၁)ဧကတွင် တင်း၅၀ ခန့် နှင့် နှမ်း ၁၀ တင်း၊ ပဲစဉ်းငုံ ၂၀ တင်းတို့ ထွက်ရှိပါသည်။ ကျေးရွာအိမ်ထောင်စု ၃၈၄စုတွင် ၂၅၀ စုခန့် တောင်သူလုပ်ကိုင်ကြပါသည်။ တောင်သူအများစုသည် နွားများကို တောင်သူခွင်ခိုင်းရန် မွေးမြူကြသည်။ငါးမွေးမြူရေး လုပ်ငန်းလုပ်ကိုင် ခြင်းမရှိပါ။ သဘာဝမြေအနေအထား အဆင်မပြေသော ကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

**ကုန်းသာ**ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြသော်လည်း ရာသီဥတုမမှန်ခြင်း၊ ပိုးကျခြင်း၊ မြေမကောင်းခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကျဆင်းခြင်းကြောင့် တခြားဝင်ငွေ ရနိုင်မည့် လုပ်ငန်းများ ဖြစ်သော အိုးလုပ်ငန်း၊ ပန်းရံ၊ လက်သမားလုပ်ငန်း စျေးရောင်းခြင်းလုပ်ငန်းများပါ တွဲဖက်လုပ်ဆောင်၍ ဝင်ငွေရရှိအောင် ဆောင်ရွက်လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ ၈၀% ခန့် ရှိသောကြောင့် ကျေးရွာ၏ အလားအလာကောင်း တစ်ရပ်ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းပညာအထောက်အကူပြု သင်တန်းများဖြစ်သော အုပ်ချုပ်မှုသင်တန်း၊ ခြင်းယက်ခြင်းသင်တန်း၊ ပန်းရံလက်သမားသင်တန်း၊ ရက်ကန်းလုပ်ငန်း၊များအား ကျေးလက်ဦးစီးဌာနသို့ တက်ရောက်နိုင်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်ခြင်းအားဖြင့် ကျေးရွာ၏ အလုပ်အကိုင် အခွင့်အလမ်းများကို အထောက်အကူပြုနိုင်မည် ဖြစ်သည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကုန်းသာကျေးရွာရှိ တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှု နည်းပါး၍ သဘာဝမြေဩဇာဖြစ်သည့် နွားချေးတို့ကိုသာ အသုံးပြုကြသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် စိုက်ဘဏ်နှင့် သမဘဏ်တို့တမှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ ကျေးရွာတွင် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ ဆွေမျိုးနှင့် ရင်းနှီးသူများထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကုန်းသာကျေးရွာတွင် အခြေပညာအလယ်တန်းကျောင်းတစ်ကျောင်းရှိသဖြင့် အလယ်တန်းအဆင့်ထိသာကျေးရွာတွင်တက်ရောက်နိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာရေးကိုရွာမှ (၂)မိုင်ကွာဝေးသော ဘုတလင်အထက်တန်းကျောင်းသို့တက်ရောက်သင်ကြားရပါသည်။ တက်ရောက်ရာတွင်လည်း အခက်အခဲ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် သားဖွားဆရာမ ရှိပါသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

ကုန်းသာကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့် မရှိပေ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရားပွဲတော်များနှင့် အလှူပွဲတွင်သာ ကျေးရွာ လူငယ်များ အားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအဝိုင်းတွင်လည်း လူငယ်များ ပါဝင်မှုအား ကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင်လုပ်ဆောင်မှု အတင့် အသင့်ရှိပါသည်။

**(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကုန်းသာကျေးရွာ ရွာတွင်းလမ်း၊ ရွာပြင်လမ်းများတွင် မြေသားလမ်းဖြစ်ကာ နွေအခါတွင် ဖုန်ထူ၍ မိုးရွာလျှင် လမ်းများမှာ ရွံ့စေးများဖြစ်ကာ သွားလာရခက်ခဲပါသည်။ ယခုအခါ ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်လမ်းပေ ( ၁၀၀၀'x၁၂'x၆" ) ကွန်ကရစ်လမ်းလုပ်ငန်းအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီများကိုယ်တိုင် လုပ်ဆောင်ကြပါသည်။ ရေလမ်းခရီးအသုံးပြုမှုမရှိပဲ လမ်းပမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်၊ သုံးဘီး (၂)စီးနှင့် ကား(၅)စီး အသုံးပြုသွားလာ ကြပါသည်။

ကျေးရွာရှိ ၈၅% သောအိမ်ထောင်စုများသည် လျှပ်စစ်မီးသုံးစွဲပါသည်။ ကျန် ၁၅% ခန့်သည် ဆိုလာစနစ်မီးသုံးစွဲကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အင်တာနက်အသုံးပြုနိုင်မှုရှိပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ကျေးရွာရှိ အိမ်ထောင်စုတိုင်း တယ်လီဖုန်း

များရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ မိုင်တဲဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျက်ရှိပါသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြု နိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသားများသည် (၉)မိုင် ခန့်အကွာရှိ မုံရွာမြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် မြေပြန့်များဖြစ်ပြီး မြေဆီဩဇာ မကောင်းပါ။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ အနီးပတ်ဝန်းကျင်တွင် လမ်းပြုပြင်ရန်အတွက် ကျောက်၊ သဲများကို အလွယ်ကူ ရနိုင်သဖြင့် ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်စေပါသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာ ကောင်းမွန်မှုနည်းခြင်း၊ အခြား သယံဇာတများ မထွက်ရှိခြင်း လယ်ယာမြေများ ထပ်မံတိုးချဲ့နိုင်မှုမရှိခြင်းတို့ကြောင့် လယ်ယာသမားများအဖို့ သီးနှံအထွက်တိုးရန် အားစိုက်လုပ်ဆောင်ရပေမည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းအသုံးပြုမှုများခြင်း၊ သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှုနည်းခြင်း စိုက်ပျိုးရေးနည်းပညာများမရှိခြင်းတို့သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ ဖြစ်ပါသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းရှိလမ်းများအား ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် ဆောင်ရွက်သွားမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် မီးလင်းရန်အတွက် မီးရှိအောင် ဆောင်ရွက်သွားမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် ကျန်းမာရေး ဆရာ/ဆရာမများ ရရှိအောင် ဆောင်ရွက်သွားမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ရရှိအောင် ဆောင်ရွက်သွားမည်။

က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းသွယ်များ ကောင်းမွန်အောင် ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်အောင် ဆောင်ရွက်သွားမည်။

က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျောင်းစာသင်ကျောင်းဆောင် တည်ဆောက်ရန်အတွက် စာသင်ကျောင်းဆောင်ရရှိအောင် ဆောင်ရွက်သွားမည်။

က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ကျောင်းစာကြည့်တိုက်ရရှိအောင် ဆောင်ရွက်သွားမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများအား ဂျင်းလမ်းအဖြစ်အဆင့်မြှင့်တင်၍ ရာသီမရွေး သွားလာနိုင်သော လမ်းများ အဖြစ်ဆောင်ရွက်သွားမည်။

က.၂) ကျေးရွာတွင် လူနေမှုအဆင့်အတန်းမြင့်မားပြီး ကျောင်းသားကျောင်းသူများ အဆင်ပြေစွာ ကျောင်းစာများ လေ့လာနိုင်ရန်အတွက် မီးရရှိအောင် ဆောင်ရွက်သွားမည်။

က.၃) ကျေးရွာတွင် ဆေးပေးခန်းရှိပြီးဖြစ်၍ ကျန်းမာရေး စောင့်ရှောက်မှုရှိစေရန်နှင့် ဆေးကုသမှု လွယ်ကူစွာရရှိစေရန် ကျန်းမာရေး ဆရာ/ဆရာမများ ရရှိ အောင် ဆောင်ရွက်သွားမည်။

က.၄) ကျေးရွာတွင် ကျန်းမာသန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ ရရှိရန်အတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းရရှိအောင် ဆောင်ရွက်သွားမည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ပြီး သောက်သုံးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

က.၅) ကျေးရွာတွင် ရွာတွင်းလမ်းသွယ်များ ကောင်းမွန်အောင် ရာသီမရွေး သွားလာနိုင်သော လမ်းများဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

က.၆) ကျေးရွာတွင် စာသင်ကျောင်းဆောင် တည်ဆောက်ရန်အတွက် စာသင်ကျောင်းဆောင်ရရှိအောင် ဆောင်ရွက်သွားမည်။ မြို့နယ်ပညာရေးမှူးရုံးဖြင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

က.၇) ကျေးရွာတွင် ကျေးရွာသား/သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် ကျောင်းစာကြည့်တိုက်ရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်

ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏ ပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။ နှစ်စဉ်ကျေးရွာ ရန်ပုံငွေ တင်ပြတောင်းဆိုခြင်း အစီအစဉ် (AVIP) ကိုလည်း တင်ပြတောင်ခံသွားမည်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် ယာမြေများတွင် ပဲဇဉ်းငုံ၊ ဝါ၊ ကုလားပဲ တို့ကို စိုက်ပျိုးကြသည်။ ယာခင်းများတွင် ရေတွင်းများတူးကာ ခရမ်းသီး နှင့် ခရမ်းချဉ် အား အနည်းငယ်စိုက်ပျိုးကြပြီး ကွမ်းခြံအများဆုံး စိုက်ပျိုးကြပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုကြပါသည်။ နည်းပညာ အသုံးပြုပုံများ အပါအဝင် မျိုးကောင်းမျိုးသန့် အသုံးပြုရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်သင့်ပါသည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ လယ်သမားများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်လျက် ရှိပါသည်။ ကျေးရွာတွင် သမဝါယမအသင်းအဖွဲ့အစည်းမှ ချေးငွေရရှိသော်လည်း ချေးငွေလိုအပ်ကာ ကျေးရွာသားများအတွက် ပိုမိုကောင်းမွန်သော ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျွန်တော်တို့ကျေးရွာမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှအပ အခြားမည်သည့် အလုပ်အကိုင်မှ မတွေ့ရသေးပါ။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆိုင်ကယ်၊ကား စသည့် စက်ပြင်သင်တန်း၊ အပ်ချုပ်သင်တန်း၊ လက်သမား၊ပန်ရံသင်တန်း အစရှိသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို တစ်နှစ်ပတ်လုံး ဝန်ဆောင်ဆောင်မှု ပေးနိုင်အောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထား နားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုမှ ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလနှင့် ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် အလုံးစုံ ပြည့်စုံမှုမရှိနိုင်ပါ။ ဆိုလိုသည်မှာ ကျေးရွာလူထုသည် ဤသို့မျှော်မှန်းရေးဆွဲထားပြီးသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံး တွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ထပ်မံဖော်ထုတ်သွားကြမည်ဖြစ်ပါသည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များ စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် အတွက် လုပ်ငန်းဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစသည်ဖြင့် အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံသောစီမံကိန်းအုပ်စု(Functional classification) သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် မည်သို့ဆောင်ရွက်ရမည်ကိုသိရှိနားလည် စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံသောအုပ်စု (Economic classification) သတ်မှတ် ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုး ဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှု တို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်း တို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံသော စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | ရှင်းလင်းဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **လမ်း/တံတား** | ကျေးရွာတွင်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း | ၁၀၀ | ၁ | ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ | |
| | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၉၀ | ၂ | ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ | |
| **ကျန်းမာရေး** | ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | ၈၀ | ၃ | ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ | |
| **ပညာရေး** | မူလတန်းကျောင်းဆောက်လုပ်ခြင်း | ၇၀ | ၄ | ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ | |
| **အခြေခံအဆောက်အဦ** | ဘက်စုံခန်းမဆောက်လုပ်ခြင်း | ၆၀ | ၅ | ကျေးရွာကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ပါမည်။ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင် အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ်ပြုပြင် ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက် | ဦးစားပေး အဆင့် | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း | ၁ | √ | | | | |
| ၂ | ချောင်းကူးတံတားတည်ဆောက်ခြင်း | ၂ | | √ | | | |
| ၃ | ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | ၃ | | | √ | | |
| ၄ | မူလတန်းကျောင်းဆောက်လုပ်ခြင်း | ၄ | | | | √ | |
| ၅ | ဘက်စုံခန်းမ ဆောက်လုပ်ခြင်း | ၅ | | | | | √ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေး သည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်း ဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှု ဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း | | | √ | | |
| ၂ | ချောင်းကူးတံတားတည်ဆောက်ခြင်း | | | √ | | |
| ၃ | ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | | | √ | | |
| ၄ | မူလတန်းကျောင်းဆောက်လုပ်ခြင်း | | | √ | | |
| ၅ | ဘက်စုံခန်းမ ဆောက်လုပ်ခြင်း | | | √ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးသည် ကျေးရွာတွင်တာဝန်ရှိပါသည်။

**(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန် စီးဆင်းမှု လွယ်ကူချောမွေ့စေရန် လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်ုပ်တို့ ကျေးရွာကော်မတီဖွံ့ဖြိုးရေးအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုအပိုင်းကို တာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများရယူ ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း တိုးတက်ရေးအတွက် အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

**(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါ အဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ❖ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- ❖ စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ အနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက် နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည် ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာအတူ ပူးပေါင်း

ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းဖြင့် လုပ်ငန်းများ တည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

